### ခြင်းကြားသီးပင်/ ဆူးကာ

Scientific name - *Passiflora foetida* L.

Local name - ခြင်းကြားသီးပင်/ ဆူးကာ

Common name - Red fruit passion flowers

Family - Passifloraceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံနွယ်ပင်မျိုးဖြစ်ပြီး ဆိုးဝါးသောအနံ့ရှိသည်။ ၁ - ၅ မီတာအထိ မြင့်သည်။ ပင်စည်သည် သေးသွယ်လုံးဝန်းသည်။ နှာမောင်းများဖြင့် နွယ်တတ်သည်။ အဝါ သို့မဟုတ် အညိုရောင်အမွေးများပါရှိသည်။ အရွက်သည် ရွက်လွှဲထွက်ပြီး ရွက်ညှာပါသည်။ ထီးတည်းကြား ထွက်ပန်းပွင့်ဖြစ်ပြီး ပွင့်ချပ်အုံသည် အဖြူရောင် သို့မဟုတ် ခရမ်းဖျော့ရောင်ရှိသည်။ အသီးသည် လေပူဖောင်းကဲ့သို့ ဖောင်းပွနေပြီး ပွင့်ခံရွက်အမျှင်ရှည်များဖြင့် ဖုံးအုပ်ထားသည်။ မှည့်သည့်အချိန် တွင် လိမ္မော်ဝါရောင်ရှိသည်။ အသီးတွင် အစေ့များစွာရှိပြီး သပ်ပုံ သို့မဟုတ် အနည်းငယ်လုံးဝိုင်း သည်။ အစေ့တွင် ကြမ်းတမ်းသောပိုက်ကွန်သဏ္ဍာန်အကြောဖုလေးများပါရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။